# ရာဇဝတ်မှုများတွင် မပါတ်သက်မိစေရန်

ယခုတစ်လော ဒုစရိုက်မှု ပြုလုပ်သူ အဖွဲ့အစည်းများက အလုပ်သင်များ တိုင်းပြည်ရှိ ပြည်သူလူထုကို ရည်ရွယ်၍ အင်တာနက် သတင်းများ၊ SNS နှင့် အလုပ် ခေါ်ယူခြင်း၊ မိတ်ဆွေ အသိများမှတစ်ဆင့် ချိုသာသော စကားများဖြင့် ဆွဲဆောင်ပြီး အလုပ်ပွဲစား လုပ်ကိုင်စေခြင်း၊ အလုပ်သင်တန်းမှ ထွက်ပြေးစေခြင်း စသည့် အမျိုးမျိုးသော ဒုစရိုက်မှုများတွင် အလုပ်သင်များ ပါဝင်ပါတ်သက်နေသည်ကို တွေ့မြင်နေရပါသည်။



အလုပ်သင်အလုပ်အပြင် တစ်ခြားအလုပ်၊ အချိန်ပိုင်းအလုပ်နှင့် အလုပ်သင်တန်းမှ ထွက်ပြေး ၍ တစ်ခြားအလုပ်ကို လုပ်ခြင်း

ပြည်ဝင်ခွင့်ဗီဇာ အလုပ်အမျိုးအစား အဆင့်သပ်မှတ်ချက်ဥပဒေကို ချိုးဖေါက်ခြင်း





မိမိတိုင်းပြည်သို့ပြန်တော့မည့်ဖြစ်သောကြောင့် ယခုအထိ သုံးစွဲခဲ့သော မိမိအမည်နှင့် ဘဏ်စာအုပ်၊ ဘဏ်မှတ်တမ်း၊ ဘဏ်ကတ်ပြား၊ လက်ကိုင်ဖုံးများကို တစ်ခြားသူအား ပေးခြင်း၊

ဒုစရိုက်နှင့် အမြတ်အစွန်းလွှဲပြောင်းမှု ကာကွယ်ရေး ဥပဒေကို ချိုးဖေါက်ခြင်း

ဥပဒေနှင့်မညီ လက်ကိုင်ဖုံး သုံးဆွဲမှု ကာကွယ်ရေး ဥပဒေကို ချိုးဖေါက်ခြင်း



「ငွေအလောက် အချိန်ပိုင်းလုပ်ကြည့်မလား」 ဟုဆွဲဆောင်ကာ ATM မှ တစ်ခြားသောသူ၏ ဘဏ်အကောင့်မှ ငွေသားများ ထုတ်ယူခြင်း

ဒုစရိုက်နှင့် အမြတ်အစွန်းလွှဲပြောင်းမှု ကာကွယ်ရေး ဥပဒေကို ချိုးဖေါက်ခြင်း

အလစ်သုတ် ခိုးယူမှု ဥပဒေကို ချိုးဖေါက်ခြင်း





သူတစ်ပါးအမည်ဖြင့် ပစ္စည်းပို့ ပြေလွှာတွင် လက်မှတ် ရေးထိုးခြင်း၊ သူတစ်ပါး ပစ္စည်းများ လိမ်လည်၍ လက်ခံ ယူခြင်း

လက်မှတ်တု၊ လိမ်လည်မှု စသည့် ဥပဒေ

## မိမိပါတ်ဝန်းကျင်တွင်း ဖုံးကွယ်နေသောဥပဒေချိုးဖေါက်မှုများကို မလုပ်မိစေရန် !

အထက်ပါ လုပ်ရပ်များသည် အပြင်ပန်းအားဖြင့် လွယ်ကူပြီး၊ မျိုးမျိုးမြတ်မြတ်၊ ချက်ခြင်းငွေရနိုင်သည်ဟု ထင်မှတ်ရသော်လည်း **အားလုံးသည် ဥပဒေချိုးဖေါက် ဒုစရိုက်မှုများ** ဖြစ်ပါသည်။

ဒုစရိုက်သမားများသည် အလုပ်သင်များကို နတ်ဖူးကလေးမှ လိမ်လည် ဆွဲဆောင်ကြသောကြောင့် မိမိက ဥပဒေ ဖေါက်ဖျက်နေသည်ဟု မထင်မှတ်ပဲ လုပ်ကိုင်နေမိတတ်ကြပါသည်။

အလုပ်သင်များက ဤကဲ့သို့ ဒုစရိုက်သမားများ၏ လှည့်စား အသုံးချမှုကို ခံရစေကာမူ ဥပဒေချိုးဖေါက်သူ အဖြစ်၊ **ရာဇဝတ်သား အနေနှင့် ရဲဌာနမှ ဖမ်းဆီးခြင်း** ခံရရုံသာမက၊ နည်းပညာကို သင်ကြားပြီးနောက် မိသားစုရှိရာ အမိနိုင်ငံသို့ ဘေးမသီ ရန်မခ ပြန်မည့် ရည်ရွက်ချက်လည်း ပျက်စီးကာ၊ **အတင်းအစွမ ပြန်ပို့စေခြင်း** စသည့် အကျိုးမဲ့များ ရှိလာပေမည်။

ဤကဲ့သို့ ဒုစရိုက်မှုများတွင် မပါဝင်မိစေရန် သတိထားစေလိုပါသည်။

အကယ်၍ ဤကဲ့သို့သော လုပ်ရပ်များကို ကြားမြင်သိပါက **ရဲဌာနသို့သတင်းပေး** စေလိုပါသည်။

OTIT နိုင်ငံခြားသား အလုပ်သင် ကြီးကြပ်ရေးဌာန